
ဒေါက်တာလမင်းစန္ဒာ
ချောင်းခြားမြောင်းခြား

# အပိုင်း (၁)

လေပြင်းပြင်းများ တိုက်ခတ်နေသော လကွယ်ညသည် ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှုများက တွန်းအားပေးနေ သယောင်ယောင် ချောက်ချားဖွယ် ကောင်းနေသည် ။ ထိုအခြေအနေကြောင့် ထိတ်လန့်သည် က တစ်မျိုး၊ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော ဟိုတယ်အခန်းမီးကြောင့် လန့်ရသည် က တစ်မျိုးနှင့် မြတ်နိုးရွှေရည် တစ်ယောက်တည်း ချွေးစေးများ ပြန်နေမိသည် ။

ခုတင်ခေါင်းရင်းကိုမှီပြီး စောင်ပါးလေးတစ်ထည်ကို ခန္ဓာကိုယ် လုံအောင်ခြုံကာ အခန်းတံခါးဘက်သို့သာ မမှိတ်မသုန် စိုက်ကြည့်နေခဲ့သည် ။ အခန်းတံခါးရှေ့၌ တစ်စုံတစ်ယောက် ရှိနေသလိုလို သူမခံစားနေရသဖြင့် ပို၍ တုန်လှုပ်မိသည် တော့ အမှန်ပင်။ ကြောက်ရွံ့မှုက ကြီးစိုးရသည့်အထဲ မျက်လုံးထဲ၌ မေသူ့ရွှန်းလဲ့၏ အသက်မဲ့နေသော မျက်နှာကိုသာ မြင်မြင်နေမိလေသည် ။

"ဂျလိ... ဂျစ်"

သူမ စိုးရိမ်ထိတ်လန့်နေစဉ်မှာ ပင် ဟိုတယ်အခန်းတံခါးကို အပြင်ဘက်မှ လက်သည်းဖြင့် ကုတ်ခြစ်နေသံအား ကြားလိုက်ရတော့သည် ။ အလွန်ကြောက်ရွံ့နေပြီဖြစ်၍ လက်ထဲဆုပ်ကိုင်ထားသည့် စောင်ပါးလေးကို ခေါင်းမြီးခြုံကာ မျက်လုံးကို မှိတ်ထားမိတော့သည် ။

အခန်းတံခါးမဖွင့်ပါဘဲနှင့် သူမရှိရာသို့ လမ်းလျှောက်လာသံအား ကြားလိုက်ရလေသည် ။ လူတစ်ကိုယ်လုံး ထူပူမိသလို တုန်ယင်လာ၏။ အသံကြားရာသို့ လုံးဝမကြည့်ရဲချေ။ ခြေသံသည် ခုတင်ဘေးတွင် ရပ်သွားပြီး အသံတိတ်သွားသည် ။ ၅မိနစ်ခန့်ကြာသည့်တိုင် ထပ်မံမကြားရတော့သဖြင့် စောင်အောက်မှ အသာခိုးကြည့် လိုက်လေသည် ။

ခုတင်ဘေးတွင် မည်သူမှ မရှိ။ ထို့ကြောင့် စောင်ကို ဖြည်းဖြည်းချင်း ဆွဲချပြီး ရှာကြည့်သည် ။ မည်သည့်အရာမှ မရှိချေ။ ကြည့်နေရင်း မျက်လုံးက ပါကေးများ သို့ အကြည့်ရောက်သွားခဲ့သည် ။ ပါကေးပေါ်တွင် ရေစိုစိုနှင့်ခြေရာများကို တွေ့မြင်သည့်အခါ အလွန်ပင် ထိတ်လန့်ပြီး အော်ဟစ် လိုက်မိသည် ။

ပြီးမှ စိတ်ပြန်ထိန်းကာ ခြေရာများကို လိုက်ကြည့်ခဲ့သည် ။ ခြေရာအစသည် အခန်းတံခါးမှ လာပြီး သူမ၏ ခုတင်ဘေးတွင် ဆုံးသည် ။ ခုတင်ပေါ်၌ မနေရဲတော့သဖြင့် အမြန်ပြေးဆင်းကာ တစ်ခန်းလုံး ပတ်ရှာကြည့်နေသည် ။

"မေသူ ... ငါတမင်လုပ်တာ မဟုတ်ပါဘူးဟာ ... မတော်တဆဖြစ်သွားတာ နင်သိပါတယ် ... ငါ့ကို မခြောက်ပါနဲ့ နော် ... ငါကြောက်လို့ ပါ ... တောင်းပန်ပါတယ် မေသူရယ် ..."

မြတ်နိုးရွှေရည်သည် နှုတ်မှ တောင်းပန်စကားဆိုရင်း ဟိုဟိုဒီဒီ လိုက်ကြည့်နေသည် ။ သူမစကားဆုံးသည့်အခါ ရေချိုးခန်းမှ ရေစက်ဖွင့်သံ ကြားလိုက်ရသဖြင့် ရေချိုးခန်းသို့ ဖြည်းဖြည်းချင်း လျှောက်လှမ်းသွားလိုက်သည် ။ ပိတ်ထားသည့်တံခါးကို လက်ကိုင်လှည့်ဖွင့်ရင်း အထဲသို့ ကြည့်လိုက်သည် ။

ဘေစင်၌ ရေများက အရှိန်ဖြင့်ကျနေ၏။ ရေစက်လက်ကိုင်လေးကို

လှည့်ပိတ်ပြီး ဘေစင်ပေါ်မှ မှန်အား ကြည့်လိုက်သည့်အခါ သူမ အနောက်တွင် ရပ်ကာ စိုက်ကြည့်နေသည့် မေသူရှွန်းလဲ့အား ရုတ်တရက် တွေ့မြင်လိုက်တော့သည် ။ ကြောက်အားလန့်အားဖြင့် အသံကုန် အော်ဟစ်ရင်း ဟိုတယ်အခန်းထဲမှ ထွက်ပြေးမိသည် ။ သူမနောက်တွင် အေးစက်စက် အသံကြီးဖြင့် ပြောနေသံအား ဟိုတယ်အောက်ထပ်သို့ ရောက်လာသည့်တိုင် ကြားနေရဆဲ။

"ငါ သေသလို နင်သေစေရမယ်"

"အား"

***

"နင် လူမှ ဟုတ်ရဲ့ လား"

စားပွဲခုံပေါ် ပစ်တင်လိုက်သည့် ပိုက်ဆံအချို့ကိုကြည့်ကာ မြတ်နိုးရွှေရည်ရင်ထဲ စစ်ခနဲ နာကျင်ဆို့တက်သွားသည် ။ ရင်ထဲနာကျင်မှုနှင့်အတူ ဝဲတက်လာသည့် မျက်ရည်စများအား မမြင်စေချင်ခြင်းငှာ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ပစ်လိုက်၏။ ရင်နာနာဖြင့် ပြောလိုက်သော်လည်း ဇေပိုင်ကျော်က ခံစားချက် ကင်းမဲ့နေသော မျက်နှာဖြင့် ရှုတည်တည် ပြန်ကြည့်ကာ လုပ်ကိုလုပ်ရမည်ဟု ပြောနေသလိုရှိသည် ။

"ငါ... ငါမလုပ်နိုင်ဘူး နင်ဘယ်လိုတားတား ငါလက်ခံမှာ မဟုတ်ဘူး "

သူမ၏ ယတိပြတ်စကားကြောင့် ဇေပိုင်ကျော်က စိတ်ရှုပ်ကာ ခေါင်းပေါ်မှ ဆံပင်များ ထဲသို့ လက်ဖြင့် ထိုးဖွလိုက်သည် ။

"နင့်သဘောပဲ ရွှေရည် ... ငါ့ဘက်ကတော့ ဒီကလေးကို လုံးဝမမွေးနိုင်ဘူး ... နင်နဲ့ လည်း ရှေ့မဆက်နိုင်တော့ဘူး ... နင့်ဘာသာနင် ဖျက်ချချင်ဖျက် မဖျက်ဘဲ မွေးချင်မွေး ... ခုချိန်ကစပြီး ငါနဲ့ မဆိုင်တော့ဘူး"

"နင်က တော်တော်ယုတ်မာတဲ့ သူပဲ"

"ဟုတ်တယ် ငါယုတ်မာတယ် ... ငါ ဖျက်ခိုင်းထားပြီးသားနော် ... နင့်ဘာသာနင် မွေးပြီးမှ ကလေးဗန်းပြပြီး ငါ့ဆီလာမယ် စိတ်မကူးနဲ့ ... ငါပြန်ကြည့်မှာ ပါလို့ လည်း မထင်လိုက်နဲ့ ... စိတ်ကိုမဝင်စားတော့တာ ..."

ချစ်ရသူ၏ စကားများက ရင်ဝကို မီးစနှင့်ထိုးသလို နာ လာပြီး ဒေါသများ ငယ်ထိပ် ဆောင့်တက်လာသော်လည်း စိတ်ကိုအတတ်နိုင်ဆုံး ချုပ်ထိန်းနေရလေသည်။ သူမ၏ ဝမ်းကြာတိုက်ထဲ ဥစာမမည် ရင်သွေးလောင်းလေး ကိန်းအောင်းနေပြီ မဟုတ်ပါလား။ ခေါင်းရှောင်ကာ တာဝန်ယူစိတ် မရှိသောသူကြောင့် ရင်သွေးလေးကို သနားခြင်း ချစ်မြတ်နိုးခြင်း ပိုတိုး၍ ဖြစ်ပေါ်လာသဖြင့် မရ ရအောင် မွေးမည်ဟု လည်း ယတိပြတ် ဆုံးဖြတ်ထားသည်။

"ငါ့ကို နောက်မှ ပြဿနာရှာတာတွေ လာမလုပ်နဲ့ ... ခုကတည်းက ရှင်းထားတာ အကောင်းဆုံးပဲ ... ဒါယူပြီး ငါပေးတဲ့ လိပ်စာအတိုင်း သွားလိုက် ..."

ပြောပြီးသည် နှင့် ထွက်သွားသော ဇေပိုင်ကျော်၏ နောက်ကျောပြင်ကို ဝိုးတဝါးမြင်နေရင်း တဖြည်းဖြည်း ပျောက်ကွယ်သွားသော အချိန်မှ ပါးပြင်ပေါ် မျက်ရည်များ တရစပ် ကျဆင်း လာခဲ့တော့သည်။ ယခုအချိန်တွင် မည်သည် မျှ ညို့နိုင်း၍ ရမည်မဟုတ်မှန်း သူမသိသည်။ တစ်ရက် နှစ်ရက် နေပြီးမှ မျက်နှာငယ်ခံပြီး တောင်းပန်ရန်လည်း တွေးထား

လေသည် ။

စားပွဲပေါ်မှ ပိုက်ဆံများကိုယူကာ နေ့းကွေးသော ခြေလှမ်းများ ဖြင့် အိမ်ပြန်လာခဲ့တော့၏။ အိမ်ထဲဝင်သည့်အခါလည်း ကိုယ့်ကိုယ်ကိုယ် မ လုံသလို ဖြစ်မိနေသဖြင့် ဗိုက်ကို ပိုက်ဆံအိတ်နှင့်ကာရင်း အမြန်ဝင်ခဲ့ရ သည် ။ အခန်းထဲရောက်မှ တံခါးလော့ခ်ချကာ အားပါးတရ ငိုပစ် လိုက် လေတော့သည် ။

၃ရက်ခန့် လွန်ပြီးသောအခါ ဇေပိုင်ကျော်ထံ ဖုန်းဆက်၍ လည်း မရ အိမ်သို့သွားရှာသော်လည်း မတွေ့ဘဲ ဖြစ်နေသဖြင့် မြတ်နိုးရွှေရည် စိတ် အပူကြီးပူ လာလေ၏။ ဇေပိုင်ကျော်ကို မတွေ့၍ မဖြစ်ချေ။ မကြာခင် ဗို က်က တဖြည်းဖြည်း ထွက်လာပေတော့မည်။ မိဘများ သိသွားလျှင် ခေါ င်းနှင့်ကိုယ် အိုးစားကွဲမည်လည်း စိုး၊ ချစ်ရသူအား ဆုံးရှုံးရမည်လည်း စိုး၊ အဖေမပေါ်သည့် ကလေး မွေးရမည်ကိုလည်း ကြောက်နေမိသည် ။

မိမိရင်သွေးလေးအား ဖခင်မဲ့မဖြစ်လိုပေ။ မိစုံဖစုံဖြင့် မွေးဖွားလာ စေချင်သည် ။ ထို့ကြောင့် ဇေပိုင်ကျော်နှင့် အဆက်အသွယ်ရရန် နေ့နေ့ ညည ကြိုးစား ရှာကြည့်နေမိသည် ။ မည်မျှပင်ရှာရှာ မထူးခြား။ သူ့အိမ် မှ မိဘများကလည်း မရှိ၊ မသိဟု သာ ပြောနေသည် ။ အချိန်သာကုန် သွားသည် အခြေအနေက မထူးလာချေ။ တစ်ရက်ထက် တစ်ရက် ဗိုက် ထွက်လာမည့် အရေးကိုတွေးကာ ရင်ထဲ အပူလုံးကြီး ကြွနေချေပြီ။

စိတ်ညစ်ညစ်နှင့် ဖြစ်ချင်ရာဖြစ် ဆုံးဖြတ်ပြီး ဇေပိုင်ကျော် အိမ်ရှေ့ရှိ သစ်ပင်အကွယ်လေးတွင် ကားရပ်ထားပြီး စောင့်နေလိုက်တော့၏။ ကားပေါ် အချိန်ကြာကြာ မထိုင်နိုင်သဖြင့် ဆင်းလိုက် ပြန်တက်လိုက် လုပ်နေသော သူမကို လမ်းသွားလမ်းလာများက ကွက်ကြည့်ကွက် ကြည့် ကြည့်သွားကြသည် ကိုလည်း ဂရုမစိုက်အား။ ကိုယ့်အပူနှင့်ကိုယ်

အပူကြီးပူမိနေလေသည် ။ ညနေစောင်း၍ တဖြည်းဖြည်းလည်း မှောင်လာလေပြီ။ အဆာပြေစားရန် ယူလာသည့် မုန့်များ လည်း စား၍ ကုန်ပြီ ။ ဗိုက်က အတော်လေး ဆာလောင် လာပြီး လူက မူးရိပ်ရိပ်ဖြစ်လာ၏။

သို့သော် မတွေ့တွေ့အောင် စောင့်မည်ဟု အားတင်းထားရှာလေသည် ။ ည ၈နာရီ ကျော်လာသောအခါ ဆာလောင်မှုကို မတားဆီးနိုင်လာတော့ချေ။ ကိုယ်ဝန်ဆောင်များကို ကိုယ်ချင်းစာလာမိသည် ။ ချင်ခြင်းတပ်လာသည့်အခါ စားချင်သည် များ မစားရခြင်းက မည်မျှ ခံရခက်သည် ကို သိလာသည် ။ သူမက သာမန်ဆာလောင်မှုသာ ဖြစ်ပေါ်သေးသော်လည်း အတော်နေရဆိုးသလို ခံစားနေရလေ၏။

မတတ်နိုင်သည့်အဆုံး လှည့်ပြန်မည်ဟု ပြင်စဉ် ဇေပိုင်ကျော်တို့ ခြံမှသူတို့ အိမ်ကကား ထွက်လာသည် ကို တွေ့လိုက်သဖြင့် အပြေးအလွှား ထရပ်ကြည့်လိုက်သည် ။ ကားမောင်းသူက ဇေပိုင်ကျော်ကိုယ်တိုင် ဖြစ်နေသောအခါ အလွန်ဝမ်းသာသွားမိသည် ။ ခြံတံခါး ဆင်းပိတ်နေစဉ်ထိုနေရာသို့ အမြန်လှမ်းသွားခဲ့လိုက်သည် ။

"ကိုကို ..."

မြတ်နိုးရွှေရည်၏ အသံက တိုးတိုးလေးသာ။ သို့သော် တစ်ညနေခင်းလုံး ထိုင်စောင့်နေရသဖြင့် ပင်ပန်းနွမ်းနယ်နေသည် ။ သူမအသံကြားသည် နှင့် ဇေပိုင်ကျော်မှာ အလန့်တကြား လှည့်ကြည့် လာခဲ့သည် ။

"ငါနင့်ကို သေချာ ပြောထားပြီးပြီနော် ရွှေရည်"

ခပ်မာမာလေသံဖြင့် ကြိုလိုက်သောကြောင့် မြတ်နိုးရွှေရည်မှာ တင်းထားသမျှ အားများ ပင် ပြေလျော့သွားခဲ့ချေပြီ။ ချစ်ရသူက အမုန်ပင်စိမ်းကားလေပြီဟု သေချာသိလိုက်ရသဖြင့် စိတ်နှလုံး မချမ်းမြေ့စွာ ဖြစ်

ပေါ်လာခဲ့၏။

"ရွှေရည် တောင်းပန်ပါတယ် ကိုကို ... ကလေးလေးမှာ အပြစ်မရှိပါဘူး ... သနားပါ ကိုကိုရယ် ... နော်"

"ကလေးဗန်းပြပြီး လာမှာ ငါသိနေတယ် ... မင်းကွာ ... ငါ စကားကုန်ပြောပြီးပြီ ... ငါ့ကို ထပ်မနှောင့်ယှက်နဲ့ တော့ ..."

"အဲဒီလိုမရက်စက်ပါနဲ့ ကိုကိုရယ် ... ကိုကို့ရင်သွေးလေးပါ ... ရွှေရည်နဲ့ ကိုကို့ရဲ့ "

"တော်ပါတော့ဟာ ... ငါ ခေါင်းတွေရှုပ် လာပြီ ... နေဦး ..."

ဇေပိုင်ကျော်က စကားစဖြတ်ကာ ကားတံခါးဖွင့်ပြီး ဖိတ်စာတစ်စောင် ထုတ်ယူလာသည် ။

"ဒီမှာ မြင်လား ... လာမယ့်တစ်ပတ် ငါမင်္ဂလာဆောင်တော့မယ် ... လူကြီးစုံရာလည်း ပြောပြီးပြီ ... မိတ်ဆွေ နည်းနည်းပါးပါးလည်း ဖိတ်ပြီးနေပြီ ... ငါ့ကို အရှက်ကွဲစေချင်တာလား"

ဖိတ်စာကို အတင်းဆွဲယူပြီး ကားမီးရောင်ရှေ့ ဖတ်ကြည့်ရင်း မြတ်နိုးရွှေရည်၏ လက်အစုံက တုန်ယင် လာလေသည် ။

"ရက်စက်လိုက်တာ ... အရမ်းရက်စက်နိုင်တာပဲ"

သူမ၏ မျက်ရည်များက တားမရတော့ချေ။ တသွင်သွင်စီးကျရင်း ရှိုက်ငိုပစ် လိုက်လေ၏။ ဇေပိုင်ကျော်မှာ တော့ အမှို က်တစ်စလိုသာ ထင်မြင်နေဟန်ရှိသည် ။

"မင်းနားလည်ပြီလား ... ငါ့ဆီ ထပ်မလာနဲ့ တော့ ... မင်းဘာသာ မွေးချင်မွေး ... ဖျက်ချင်ဖျက် ... မင်းသဘောပဲ ... ဖျက်ချပြီး ဘဝကို အ

သစ်ပြန်စစမ်းပါ"

စိတ်အနှောင့်အယှက် ဖြစ်လွန်းသဖြင့် ဇေပိုင်ကျော်၏ မျက်နှာက အကျည်းတန်၍ နေသည် ။ ကားပေါ်ပြန်တက်ပြီး မောင်းထွက်သွားသည်ကို မျက်ရည်များကြားမှ လိုက်ငေးရင်း မြတ်နိုးရွှေရည်မှာ ခေါင်းတစ်ခုလုံး ချာချာလည်အောင် မူးလာသဖြင့် လမ်းပေါ် ထိုင်ချပစ်လိုက်တော့သည် ။ လက်ထဲတွင် ဆုပ်ကိုင်ထားသော ဖိတ်စာကို ပြန်ဖြန့်ကြည့်နေမိ၏။ မှောင်နေသဖြင့် သဲကွဲစွာ မမြင်ရတော့။ ထို့ကြောင့် ကားရှိရာသို့ ပြန်လာပြီး မီးဖွင့်ကာ သေချာ ဖတ်ကြည့်လိုက်သည် ။

"မေသူရွှန်းလဲ့ ... ဒီနာမည်ကြားဖူးသလိုပဲ ..."

ဖိတ်စာပေါ်မှ အမည်နှင့်လိပ်စာကို အလွတ်ရလုနီးနီး ထပ်ခါထပ်ခါ ဖတ်ရင်း စဉ်းစားကြည့်သည့် အခါ ပုံရိပ်များ ပေါ်လာတော့သည် ။ မေသူရွှန်းလဲ့မှာ အခြားသူမဟုတ်။ တက္ကသိုလ်တက်စဉ်က မေဂျာတစ်ခုတည်း တက်ဖူးသူ။ ဘွဲ့ယူစဉ်ကပင် စကားအနည်းငယ် ပြောခဲ့ဖူးသေးသည် ။ မြတ်နိုးရွှေရည်သည် မျှော်လင့်ချက်လေးသန်းသွားပြီး မေသူရွှန်းလဲ့နှင့် တွေ့ဆုံရန် သွားရမည်ဟု ဆုံးဖြတ် လိုက်လေတော့သည် ။

မင်္ဂလာပွဲသည် နောက်တစ်ပတ်မှ ဖြစ်ပြီး မေသူရွှန်းလဲ့ နေထိုင်သည်က အခြားမြို့တွင် ဖြစ်သည် ။ အရင်ကြိုရောက်နှင့်သည် လားဟု သေချာစွာ သိရှိရန်လိုသဖြင့် စုံစမ်းဖို့ အားတင်းပြီး ပြန်လာခဲ့သည် ။ ပြန်လာသည့် လမ်းတစ်လျှောက် ထိုအခြင်းအရာကိုသာ တွေးတောနေမိသည် ။ မေသူရွှန်းလဲ့နှင့် အဆက်အသွယ်ရရန် သူငယ်ချင်းများကို ပြန်ဆက်သွယ်ရဦးမည်။

အကယ်၍ မေသူရွှန်းလဲ့သာ ယခု မြို့၌ ရောက်နေပါက သူမအတွက် အဆင်သင့်ပင်။ မရောက်သေးပါကလည်း လိုက်သွားရန် ဆုံးဖြတ်ထား

သည် ။ ရင်ထဲမှ အပူကြောင့် အိမ်သို့ မည်သို့ ပြန်ရောက်လာသည် ကို မ သိတော့။ ရောက်ရောက်ခြင်း မိခင်ဖြစ်သူ ဒေါ်ဝင်းဝင်းငြိမ်းက ဒေါသကို မျိုသိပ်ထားသော မျက်နှာဖြင့် ဆီးကြိုနေခဲ့ပြီ။

"အခန်းထဲအရင်သွား ... ရွှေရည်"

မိခင်၏ လေသံကို ကြားလိုက်သည် နှင့် သူမ၏ ရင်ထဲ ဖြောင်းဆန်သွားသလို ဖြစ်ပေါ်လာလေ၏။ အမှားလုပ်ထားသည် က များ နေသဖြင့်လည်း ထိတ်လန့်နေမိသည် ။ အခန်းထဲရောက်သောအခါ သူမရှေ့သို့ တစ်စုံတစ်ခု လှမ်းပေးလာသည် ။ ဆီးစစ်တံလေးဖြစ်သည် ။ ထိုအရာကြောင့် မျက်လုံးများ ပြာသွား၏။

"မာမီ"

"ပြောစမ်းပါဦး ရွှေရည် ... ဒါဘာလဲ"

"မာမီ ဒါ ဒါ ဘယ်ကတွေ့တာလဲ"

"အမှိုက်ခြင်းထဲက တွေ့တာ ... နင်မေးတာပဲ ငါဖြေနေရမှာ လား ... ငါမေးတာ ဖြေစမ်းပါ ရွှေရည်"

ဒေါ်ဝင်းဝင်းငြိမ်းမှာ ပြောနေရင်းနှင့် ပူပန်လာကာ မြတ်နိုးရွှေရည်၏ ဗိုက်နေရာသို့ အကြည့်ရောက်လာသည် ။

"ငါ့ကို အမှန်တိုင်းပြောစမ်း ..."

"မာမီ ... သမီး ... သမီး မှားသွားပါတယ်"

မြတ်နိုးရွှေရည်စကားကို ကြားသည့်အခါ အံ့သြဆွံ့အမှုများ ဖြင့်ကြည့်ရင်း တွေတွေကြီး ထိုင်ချလိုက်တော့သည် ။ ဒေါ်ဝင်းဝင်းငြိမ်းရင်ထဲပြည့်ကျပ်ကာ ပူလောင်၍ နေသည် ။

"ဘယ်သူလဲ ... ဘယ်ကလဲ"

ထိုမေးခွန်းကို မြတ်နိုးရွှေရည် ပြန်မဖြေနိုင်။ ဇေပိုင်ကျော်၏ စိမ်းကားရက်စက်မှုများ တာဝန်ယူလိုစိတ်မရှိ ခေါင်းရှောင်မှုများကို မည်သို့ဖွင့်ပြောပြရမည်နည်း။

"မာမီ ... သမီးနေလို့ မကောင်းလို့ ပါ ... ဒီညတော့ ဘာမှ မမေးပါနဲ့နော် ... တောင်းပန်ပါတယ် မာမီရယ် ... မကြာပါဘူး ... သမီး သူ့ကိုခေါ်လာပါ့မယ်"

"ရွှေရည် ... ငါ့ကို သေအောင်သတ်နေတာလား ... အခုပြော ... အဲဒီကောင်လေးက ဘယ်သူလဲ ... ပြော"

မြတ်နိုးရွှေရည်မှာ နှမ်းလျပင်ပန်းသည် က တစ်ကြောင်း၊ မိခင်ကို ကြောက်ရွံ့သည် က တစ်ကြောင်းဖြင့် အရုပ်ကြိုးပြတ် ခွေလျော့သွားချေပြီ။ မြတ်နိုးရွှေရည်၏ အခြေအနေကို တွေ့မြင်ရသည့်အခါ ယခုအချိန် မေးရန်မသင့်သေးဟု တွေးမိပြီး ဒေါ်ဝင်းဝင်းငြိမ်းလည်း မကျေနပ်သော်လည်း မျိုသိပ်ထားလိုက်ရတော့၏။

"ဘယ်လိုနေသေးလဲ ... ဆေးရုံသွားကြမလား"

မည်မျှပင် ဒေါသထွက်ထွက် မြတ်နိုးရွှေရည်၏ ယခုကဲ့သို့ နာကျင်ဝမ်းနည်းနေမှုမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ခဲ့ဖူးသဖြင့် ဒေါသအစား ပူပန်မှုက ပိုတိုးလာခဲ့သည် ။

"သမီးခဏနားပါရစေနော် မာမီ ..."

ဒေါ်ဝင်းဝင်းငြိမ်းက သက်ပြင်းချရင်း ဝေခွဲမရစွာ ပြန်ကြည့်နေသည်
။

"အင်းလေ ... ပင်ပန်းနေတယ်ဆို နားလိုက်တော့ ... နားပြီးရင်တော့

မာမီ့ကို အားလုံး ပြောပြရမယ် ... မချန်ထားရဘူး ... ကြားလား"

မြတ်နိုးရွှေရည်မှာ ခေါင်းကိုသာ ညိတ်ပြ လိုက်လေတော့သည် ။

***

"မေသူရွှန်းလဲ့ကို သွားတွေ့ရမယ် မာမီ ... သူ့ဖုန်းနံပါတ် ရ လာပြီ"

အကြောင်းစုံကို ကြားသိထားပြီးဖြစ်၍ ဒေါ်ဝင်းဝင်းငြိမ်းမှာ ကမ္ဘာပျက်နေသလို ခံစားနေရ၏။ ခေါင်းထဲက ပူလာသလိုလို၊ ရင်ထဲပူလာသလိုလိုဖြင့် အလွန်တရာမှ ပူပန်မိရင်း ငိုကြွေးနေသည် ။

"ခုတော့ အောက်ကျနောက်ကျ ခံရပြီ မဟုတ်လား အမိုက်မရဲ့ ... နင့်ကိုငါ မဆုံးမခဲ့ဘူးလား ... ငါရှက်လို့ သေတော့မယ်ဟဲ့ ... ဟီး ... အီး"

"သမီးမိုက်ခဲ့တယ် ... ဆိုးခဲ့တယ် မာမီ ... ခုချိန်မှာ တော့ သမီးကို အရမ်းမဆူပါနဲ့ မာမီရယ် ... သမီးမှာ မာမီပဲရှိတာ ... အသက်ရှင်ချင်စိတ်တောင် မရှိတော့ပါဘူး ... မာမီနဲ့ ကလေးလေးကြောင့်သာ"

"တော်စမ်း..."

မြတ်နိုးရွှေရည်လည်း ဆက်မပြောဝံ့တော့ဘဲ ငိုရှိုက်နေတော့သည် ။

"ခုဘာဆက်လုပ်မလဲ ..."

"မေသူရွှန်းလဲ့ကို သွားတွေ့မယ် ... သူသိရင် နောက်ဆုတ်ပေးမယ်ထင်ပါတယ် မာမီ"

"ဟိုအကောင်ကရော"

ဒေါ်ဝင်းဝင်းငြိမ်းက ဒေါသကို အတော်လေး ချုပ်တည်းကာ ပြောနေရသည် ကို မြတ်နိုးရွှေရည် သိနေသည် ။

"မေသူကို ပြောပြီးရင် သူ့ဆီ သမီးသွားမှာ ပါ … သူ့မိဘတွေနဲ့ လည်း သွားတွေ့မှာ "

"ရွှေရည် … ဒီကိစ္စကို နင်ဖြေရှင်းနိုင်မှာ သေချာတယ်နော် … ငါ တစ်ပတ်အချိန်ပေးမယ် … တစ်ပတ်အတွင်း ဘာမှ မထူးခြားလာဘူးဆိုရင် ဝင်းဝင်းငြိမ်းတဲ့ နော် … အဲဒီအကောင်ကို ဘယ်လို အချိုးပြင်ပေးမလဲဆိုတာ စောင့်ကြည့်နေလိုက်"

"သိပါတယ်မာမီ … သမီး ဖြေရှင်းပါ့မယ်နော် … မနက်ရောက်တာနဲ့ မေသူကို အရင်တွေ့ပါ့မယ်"

မိခင်၏ ဒေါသများ ပြေပျောက်အောင် မစွမ်းသာသော်လည်း အနည်းငယ်မျှဖြစ်စေ ကျေနပ်သွားစေရန် ရှင်းပြပြောဆိုပြီး စိတ်ပင်ပန်းနွမ်းလျစွာ အိပ်စက်လိုက်တော့သည် ။ စိတ်ပင်ပန်းနေ၍ တော်တော်နှင့် အိပ်မပျော်ဘဲ ဖြစ်နေရသည် ။ နာရီကို ကြည့်လိုက်သည့်အခါ ည ၁၁နာရီ ထိုးနေချေပြီ။ မည်သို့ပင်ဖြစ်စေ မေသူ့ရှန်းလဲ့ကို ဖုန်းခေါ်ကြည့်ချင်စိတ်က တဖွားဖွား ပေါ်လာနေသဖြင့် သူငယ်ချင်းတစ်ယောက်ထံမှ ရလာသည့် နံပါတ်လေးကို ခေါ်ဆိုကြည့်လိုက်တော့၏။

ဖုန်းမအားသေး ဆိုသောကြောင့် ဘေးနား ပြန်ချထားလိုက်သည် ။ ယခုချိန်ထိ ဖုန်းပြောနေသေးလျှင် ဇေပိုင်ကျော်မှ လွဲ၍ မဖြစ်နိုင်ဟုလည်း တွေးလိုက်မိသည် ။ ထိုအခါ ရင်ထဲသို့ မီးစနှင့်ထိုးသကဲ့သို့ အပူကြီးပူပန်မိပြန်သည် ။ ရင်ထဲမှ အပူမီးကို မတားဆီးနိုင်သဖြင့် ဖုန်းထပ်ခေါ်ကြည့်ပြန်၏။ ခေါ်လိုက်တိုင်း ထိုနံပါတ်မှာ မအားသေးပေ။ နဂိုကတည်းက အိပ်မပျော်ရသည့်အထဲ ထိုအရာကြောင့် ပို၍ အိပ်မရတော့

ချေ။

ဖုန်းကိုသာ ဆက်တိုက်ခေါ်နေမိလေသည် ။ ည ၁၂နာရီ ထိုးသော အချိန်မှ ဖုန်းဝင်သွားခဲ့သည် ။ တစ်ဖက်မှ ပြန်ထူးသံမှာ စိတ်ရှည်ဟန်မတူ၊ အနှောင့်အယှက်ပေးနေ၍ စိတ်ဆိုးနေပုံဖြင့် ပြန်ဖြေလာသည် ။

"မေသူရွှန်းလဲ့ လားဟင်"

မြတ်နိုးရွှေရည်မှာ စိတ်လှုပ်ရှားကာ မေးလိုက်၏။

"အင်း ... ဘယ်သူလဲ"

"ငါ ... မြတ်နိုးရွှေရည်ပါ ... မှတ်မိလားမသိဘူး"

တစ်ဖက်မှ အသံ ခေတ္တ တိတ်ဆိတ်သွားသည် ။

"ဘယ်သူ ... မသိဘူး"

"ငါတို့ တစ်မေဂျာထဲလေ ... ဘွဲ့ယူတုန်းက တူတူဆုံဖူးသေးတယ် ... နင်မှတ်မိပြီလား"

"အော် ... အင်း"

မေ သူ ရွှ န်း လဲ့ မှာ ရုတ်တရက် မှတ်မိပုံမရချေ။ အလွန်ရင်းနှီးကျွမ်းဝင်ခဲ့ခြင်း မရှိခဲ့သဖြင့် ဇဝေဇဝါ ဖြစ်နေပုံရ၏။

"နင်နဲ့ ငါက roll number တစ်ခုပဲခြားတယ်လေ ... ဘွဲ့ယူတုန်းက တစ်တန်းထဲထိုင်ရတာ ... ငါက အနီရဲရဲလေးဝတ်ထားလို့ နင်တောင်မှ အနီကပိုပေါ်တယ်လို့ ပြောသေးတယ်"

"အော် ... သိပြီ ... ငါက နာမည်မေ့နေလို့ ... Sorry ပါ သူငယ်ချင်းရေ "

"ရပါတယ်ဟာ ..."

"ဒါနဲ့ ငါ့ဖုန်းနံပါတ် ဘယ်လိုရတာလဲ"

"သူငယ်ချင်းတွေနဲ့ ဆုံရင်း ရတာပါ"

"အင်း ..."

သူမထံ ညကြီးဖုန်းဆက်လာ၍ စဉ်းစားနေဟန် တူလေသည် ။ မြတ်နိုးရွှေရည်ကလည်း လူချင်းဆုံမှ ပြောပြချင်၏။

"နင်အခု ဘယ်မှာ လဲဟင်"

"ငါက အရင်အိမ်မှာ ပဲ ... ရောက်ဖူးလား"

"မရောက်ဖူးဘူး ... ကျောင်းတက်တုန်းက အဆောင်ကနေ တက်တာတော့ သိတယ်လေ"

"ဟုတ်တယ် ... ဒီလကုန်လောက် ငါလာဖို့ ရှိတယ် ... သူငယ်ချင်းတွေ ဆုံကြမယ်လေ"

"ဟိုလေ ... ငါ မနက်ဖြန်မနက် နင်တို့ ဆီ ကိစ္စတစ်ခုနဲ့ လာရမှာ ... နင်နဲ့ တွေ့လို့ ရမလားဟင်"

"ဟင် ... အင်း ... ရတယ်လေ ... မနက်ထွက်လာမှာ ဆို ညနေလောက်မှ ရောက်မှာ ပေါ့"

"ဟုတ်လား ... တစ်ခါမှ မလာဖူးတော့ မသိဘူး ... ညနေ နင်နဲ့ ခဏတွေ့ချင်လို့ ပါ"

"ငါ တစ်ခုမေးချင်တာလေ ... ရုတ်တရက်ကြီး ဘာလို့ တွေ့ချင်တာလဲ"

"ငါ ပြောစရာရှိလို့ ပါဟာ"

"အခုပြောလေ"

"အခုပြောလို့ မရဘူး ... လူချင်းတွေ့မှ ပြောလို့ အဆင်ပြေမှာ မို့လို့ "

"ဒါဆို ငါ့ဆီ တမင်လာတွေ့တာလား"

"အဲဒီလိုပဲ ဆိုပါတော့"

"ဘာကိစ္စများ ပါလိမ့် ..."

"ဖြစ်နိုင်ရင် ငါနင့်ကို လာတွေ့တာကို ဘယ်သူ့ကိုမှ မပြောစေချင်ဘူး ... ငါတို့ တွေ့ပြီးမှ ပြောချင်ပြောပေ့ါဟယ် ... အရေးကြီးလို့ ပါဟာ နော်"

"ထူးတော့ထူးဆန်းနေပြီ ..."

"ငါတစ်ယောက်တည်း ကားမောင်းလာမှာ ... နင်စိတ်ပူနေမှာ စိုးလို့ "

"အခု ပြောလို့ မရဘူးလား ... အစဖော်ပြီး မပြောတော့ ငါကလိ ကလိ ဖြစ်နေတော့မှာ "

"မနက်ဖြန် နင်သိရမှာ ပါဟာ ... ငါနင့်ကို တောင်းပန်ချင်တာပါ ... အဲဒါလေးပါပဲ"

"ဘာကိုတောင်းပန်မှာ ... နင်နဲ့ ငါက မတွေ့တာလည်း ကြာနေပြီပဲ ... ဘာကိစ္စရှိနိုင်မှာ လဲ"

မြတ်နိုးရွှေရည်မှာ ဖုန်းထဲမပြောလိုပေ။ လူချင်းတွေ့ပြီး သေချာစွာ ပြောပြချင်သည် ။ ထို့ကြောင့် ဖွင့်ပြောမိမည် စိုးသဖြင့် ဖုန်းအမြန်ချလိုက်တော့သည် ။ မေသူရှန်းလဲ့မှာ တော့ တနုံ့နုံ့ဖြင့် သိချင်စိတ်များ တားမရ ဖြစ်နေပေတော့၏။

***

ဒေါ်ဝင်းဝင်းငြိမ်းက တစ်ယောက်တည်း မသွားစေလိုသော်လည်း မြတ်နိုးရွှေရည်က ဇွတ်အတင်း ငြင်းဆန်ခဲ့သည် ။ သူမပြဿနာကို သူမတစ်ဦးတည်းသာ ဖြေရှင်းချင်သည် ။ မိခင်ဖြစ်သူကို ခေါ်သွား၍ မဖြစ်သည် ကိုလည်း သူမသိသည် ။ မိခင်က စိတ်ထက်သူ မထင်လျှင်မထင်သလို ပြဿနာလုပ်ပေမည်။ ထိုအခါ ပို၍ ရှင်းရခက်မည်ကို စိုးမိ၏။ ထို့ကြောင့် ခေါင်းမာမာဖြင့် သူမတစ်ယောက်တည်း ကားမောင်းပြီး ထွက်လာတော့သည် ။

ခရီးပန်းမည်ကို သိသဖြင့် ထိုမြို့ငယ်လေး၌ တစ်ညအိပ်ပြီး နောက်ရက်မှ ပြန်ရန် အစီအစဉ် ဆွဲထားသည် ။ လိုအပ်သည် များ အပြည့်အစုံပါမပါ ကားမောင်းရင်း ပြန်စစ်ကြည့်လိုက်သည် ။ သူမ၏ စိတ်ကို အတည်ငြိမ်ဆုံး ထားထားသည် ။ မေသူရွှန်းလဲ့က ပြောရဆိုရ လွယ်ကူပေမည်ဟု လည်း တွက်ထားပြီးသားဖြစ်၍ ယခင်လောက်တော့ စိတ်မပူတော့ပေ။

ဖြည်းဖြည်းချင်း မောင်းလာရင်း ညနေ ၃နာရီကျော်ကျော်ခန့်တွင် မေသူရွှန်းလဲ့ရှိရာ မြို့ငယ်လေးသို့ ရောက်လာခဲ့လေသည် ။ ဟိုတယ်တစ်ခုသို့ အရင်ဝင်ပြီး ခေတ္တ အနားယူလိုက်သည် ။ ထိုဟိုတယ်၌ပင် အစားအစာမှာ စားရင်း မေသူရွှန်းလဲ့ထံ ဖုန်းဆက် ချိန်းဆို လိုက်လေသည် ။

မေသူရွှန်းလဲ့က ဟိုတယ်သို့ လာခဲ့မည်ဟု ဆို၍ လူသိမခံချင်သော သူမက အနီးဆုံးတစ်နေရာ၌ ဆုံရန် ထပ်ချိန်းဆိုသည့်အခါ ကန်သာယာ ရေကန်ကြီး၌ ဆုံကြမည်ဟု ရွေးချယ်လိုက်ကြတော့သည် ။ ထိုရေကန်

ကြီးမှာ မြို့လယ်မကျ မြို့စွန်မကျ နေရာဖြစ်ပြီး လူခြေတိတ်သည် ။ လူအသွားအလာနည်း၏။ မေသူရွှန်းလဲ့ လမ်းညွှန်မှုအတိုင်း ကန်သာယာရေကန် ဘက်ဆီသို့ မောင်းလာခဲ့တော့သည် ။

သူမရောက်ပြီး မကြာခင်မှာ ပင် မေသူရွှန်းလဲ့လည်း သူမကိုယ်တိုင်မောင်းလာသည့်ကားဖြင့် ရောက်လာခဲ့လေသည် ။ ၎င်းတို့ နှစ်ယောက်သည် ကန်ရေပြင်ကြီးကို ကြည့်ရင်း စကားစမြည် ပြောဆိုဖြစ်ကြသည် ။ ထိုတွေ့ဆုံမှုသည် သူမတို့ နှစ်ယောက်အတွက် ကောင်းသောတွေ့ဆုံခြင်း မဟုတ်ခဲ့သည် ကို ကြိုတင်သိရှိခဲ့ပါမူ။

***